# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရန်ကုန်တိုင်းဒေသကြီး

# ဆား နှင့် ဆားထွက်ပစ္စည်းဆိုင်ရာ နည်းဥပဒေ

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်

**မာတိကာ**


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၁ |
| ၂ | အခန်း(၂) ဆားထုတ်လုပ်မှုစီမံချက် | ၂ | ၂ |
| ၃ | အခန်း(၃) ဆားနှင့်ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်လိုင်စင် | ၂ | ၄ |
| ၄ | အခန်း(၄)စားပွဲတင်ဆားနှင့်အိုင်အိုဒင်းဆား ကြိတ်ခွဲသန့်စင် ထုတ်လုပ်ခွင့်လိုင်စင် | ၄ | ၆ |
| ၅ | အခန်း(၅) လိုင်စင်ရရှိသူ၏ တာဝန် နှင့် အခွင့်အရေးများ | ၆ | ၆ |
| ၆ | အခန်း(၆) လိုင်စင်ကြေး၊ လိုင်စင်အသစ် လဲလှယ်ကြေး၊ ရက်လွန်ကြေးများ သတ်မှတ်ခြင်း | ၇ | ၇ |
| ၇ | အခန်း(၇) စစ်ဆေးသူ၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၇ | ၈ |
| ၈ | အခန်း(၈) အရေးယူခြင်းနှင့် သက်သေခံပစ္စည်း သိမ်းယူခြင်း | ၈ | ၉ |
| ၉ | အခန်း(၉) အယူခံခြင်း | ၉ | ၁၀ |
| ၁၀ | အခန်း(၁၀) အထွေထွေ | ၁၀ | ၁၀ |
| ၁၁ | ပုံစံများ | | |

တိုင်းဒေသကြီးစီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်- ၁/၂၀၁၆

၁၃၇၇ ခုနှစ်၊ ပြာသိုလဆုတ် ၁ ရက်

(၂၀၁၆ ခုနှစ် ၊ ဇန်နဝါရီလ ၂၅ ရက်)

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးစီမံကိန်း နှင့် စီးပွားရေးဝန်ကြီးဌာန သည် ရန်ကုန်တိုင်းဒေသကြီး ဆားနှင့်ဆားထွက်ပစ္စည်းဆိုင်ရာဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေ များကို ထုတ်ပြန်လိုက်သည်-

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကိုရန်ကုန်တိုင်းဒေသကြီးဆားနှင့်ဆားထွက်ပစ္စည်းဆိုင်ရာနည်းဥပဒေ များဟု ခေါ်တွင် စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ဆားနှင့်ဆားထွက်ပစ္စည်းဆိုင်ရာ ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များ သည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ဆားနှင့်ဆားထွက်ပစ္စည်းဆိုင်ရာ ဥပဒေကို ဆိုသည်။

(ခ) **လုပ်ငန်း** ဆိုသည်မှာ ဆား၊ အိုင်အိုဒင်းဆား၊ စားပွဲတင်ဆား သို့မဟုတ် ဆားထွက်ပစ္စည်းကို စီးပွားရေး အလို့ငှာ ထုတ်လုပ်သည့် လုပ်ငန်းကို ဆိုသည်။

(ဂ) **လိုင်စင်ရရှိသူ** ဆိုသည်မှာ ဆား၊ အိုင်အိုဒင်းဆား၊ စားပွဲတင်ဆား သို့မဟုတ် ဆားထွက်ပစ္စည်းကို စီးပွားရေးလုပ်ငန်းအလို့ငှာ ထုတ်လုပ်ခွင့်ပြုကြောင်း ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနလက်အောက်ရှိ သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်း ဌာနခွဲ၊ ရန်ကုန်တိုင်းဒေသကြီးဆားလုပ်ငန်းရုံးက ထုတ်ပေးသည့် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဃ) **ဆားထုတ်မြေ** ဆိုသည်မှာ ဆားနှင့်ဆားထွက်ပစ္စည်း ထုတ်လုပ်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တည်ဆဲဥပဒေနှင့်အညီ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်မြေကို ဆိုသည်။

(င) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများနှင့်အတူ ပူးတွဲပါရှိသည့် ပုံစံကိုဆိုသည်။ ယင်းစကားရပ်တွင် သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ၊ ရန်ကုန်တိုင်း ဒေသကြီး ဆားလုပ်ငန်းရုံးက အခါအားလျော်စွာ သတ်မှတ်သည့်ပုံစံများလည်း ပါဝင်သည်။

## အခန်း(၂)
## ဆားထုတ်လုပ်မှု စီမံချက်

၃။ ဆားလုပ်ငန်းဌာနခွဲသည် ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများတွင် လုံလောက်စွာ အသုံးပြုနိုင်ရေး နှင့် ပြည်သူတစ်ရပ်လုံး စားသုံးမှုဖူလုံရေးတို့အတွက် ဆားထုတ်လုပ်မှုစီမံချက် ရေးဆွဲ၍ အကောင် အထည်ဖော် ဆောင်ရွက်ရမည်။

၄။ ဆားလုပ်ငန်းဌာနခွဲသည် ဆားထုတ်လုပ်မှုစီမံချက်ကို အောက်ပါဦးတည်ချက်များအပေါ် အခြေခံ၍ ရေးဆွဲရမည်-

(က) ဆားထုတ်လုပ်သည့်မြို့နယ်အလိုက် ဆားထုတ်လုပ်နိုင်သည့် ပမာဏ အပြည့်အဝ ထုတ်လုပ် ရန်၊

(ခ) ဆားထုတ်လုပ်သည့်ဧကကို နှစ်စဉ် တိုးမြှင့်ရန်၊

(ဂ) ဆားအထွက်နှုန်း တိုးတက်ကောင်းမွန်စေရန်၊

(ဃ) ဆားထုတ်လုပ်မှု တိုးတက်ရေးနှင့် အရည်အသွေးကောင်းမွန်ရေးတို့အတွက် နည်း ပညာရပ် များနှင့် အခြား အထောက်အကူများ ပံ့ပိုးကူညီရန်၊

(င) ဆားထုတ်မြေဧကနှင့် ဆားထွက်ပမာဏကို တိကျစွာသိရှိနိုင်ရန်၊

(စ) ပြည်တွင်းစားသုံးမှုအတွက် လိုအပ်သောဆားကို ဈေးနှုန်းသက်သာစွာနှင့် လုံ လောက်စွာ ဖြန့်ဖြူးပေးနိုင်ရန်၊

(ဆ) ပိုလျှံသောဆားများကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန်။

၅။ သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ၊ ရန်ကုန်တိုင်းဒေသကြီးဆားလုပ်ငန်းရုံးသည် ဆားထွက် ပစ္စည်းထုတ်လုပ်ရေးနှင့် အိုင်အိုဒင်းဆားထုတ်လုပ်ရေးတို့အတွက် စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

## အခန်း(၃)
## ဆားနှင့် ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်လိုင်စင်

၆။ ဆားနှင့် ဆားထွက်ပစ္စည်း ထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားသူသည်-

(က) လုပ်ငန်းလုပ်ကိုင်မည့်နေရာသည် ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ)အရ သတ်မှတ်ထား သည့် ဆားနယ်မြေအတွင်းရှိရမည်။ ဆားနယ်မြေအတွင်း မဟုတ်ပါက ဆားနှင့် ဆားထွက်ပစ္စည်း ထုတ်လုပ်ရန်အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက် ရရှိပြီး ဖြစ်ရမည်၊

(ခ) လုပ်ငန်းလုပ်ကိုင်မည့်နေရာအတွက် သက်ဆိုင်ရာဌာနက ထုတ်ပေးသည့်မြေပုံကို တင်ပြနိုင် ရမည်၊

(ဂ) လုပ်ငန်းလုပ်ကိုင်မည့်နေရာကို ပိုင်ဆိုင်ကြောင်း သို့မဟုတ် ယင်းနေရာတွင် လုပ်ငန်းလုပ်ကိုင်ခွင့် ရှိကြောင်း အထောက်အထား စာရွက်စာတမ်း တင်ပြနိုင် ရမည်၊

(ဃ) ဆားနှင့် ဆားထွက်ပစ္စည်းထုတ်လုပ်မည့် နည်းစနစ်ကို ဖော်ပြရမည်၊

(င) ထွက်ရှိလာမည့် ဆားနှင့်ဆားထွက်ပစ္စည်းကို သိုလှောင်ထားရှိနိုင်မည့် အဆောက် အဦ ရှိရမည်၊

(စ) လုပ်ငန်းအတွက် လိုအပ်သော လုပ်သားအင်အားရှိရမည်၊

(ဆ) လုပ်ငန်းအတွက် လိုအပ်သောစက်နှင့် စက်ပစ္စည်းများ လုံလောက်စွာ ရှိရမည်။

၇။ လုပ်ငန်းလုပ်ကိုင်လိုသူသည် ဌာန၊ အဖွဲ့အစည်းဖြစ်လျှင် ယင်းဌာန၊ အဖွဲ့အစည်း၏ တာဝန်ခံပုဂ္ဂိုလ် အမည်ဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဖြစ်လျှင် ယင်း၏အမည်ဖြင့်လည်းကောင်း လိုင်စင်ကိုလျှောက်ထား ရမည်။

၈။ လိုင်စင်လျှောက်ထားသူသည် အောက်ပါလိုင်စင်အမျိုးအစားအလိုက် ယှဉ်တွဲဖော်ပြထား သော ပုံစံဖြင့် လျှောက်ထားရမည်-

| | |
|---|---|
| (က) ဆားထုတ်လုပ်ခွင့်လိုင်စင် | ပုံစံ(၁) |
| (ခ) ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်လိုင်စင် | ပုံစံ(၂) |

၉။ လိုင်စင်လျှောက်ထားသူသည် ဆားထုတ်မြေသစ်တွင် လုပ်ကိုင်လိုပါက နှစ်ရှည်လိုင်စင်ကို ပထမ အကြိမ်အတွက် လျှောက်ထားခွင့်ရှိသည်။

၁၀။ လိုင်စင်လျှောက်ထားသူသည် သက်ဆိုင်ရာ လျှောက်လွှာပုံစံတွင် ပါရှိသော အချက် အလက်များ ပြည့်စုံစွာဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့် သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ၊ ရန်ကုန်တိုင်းဒေသကြီး ဆားလုပ်ငန်းရုံး၊ တိုင်းဒေသကြီး ဦးစီးမှူး ထံ လျှောက်ထားရမည်။

၁၁။ တိုင်းဒေသကြီးဦးစီးမှူးသည် လိုင်စင်လျှောက်လွှာကို လက်ခံရရှိလျှင် လျှောက်လွှာ ပါအကြောင်းအရာ၊ အချက်အလက်များ မှန်ကန်ခြင်းရှိမရှိ၊ သတ်မှတ်ထားသည့်စည်းကမ်း

ချက်များနှင့်ညီညွတ်ခြင်းရှိမရှိ စစ်ဆေးတင်ပြရန် ဝန်ကြီး၏ သဘောတူခွင့်ပြုချက်ဖြင့်သက်ဆိုင် ရာ စစ်ဆေးရေးအဖွဲ့အား တာဝန် ပေးအပ်နိုင်သည်။

၁၂။ သက်ဆိုင်ရာစစ်ဆေးရေးအဖွဲ့သည် လိုင်စင်လျှောက်လွှာပါ အကြောင်းအရာ၊ အချက်အလက်များ မှန်ကန်ခြင်း ရှိမရှိ၊ သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့် ညီညွတ်ခြင်း ရှိမရှိ ကွင်းဆင်းစစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်ကို သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး ဦးစီးမှူးထံ ပြန်လည်တင်ပြ ရမည်။

၁၃။ တိုင်းဒေသကြီးဦးစီးမှူးသည် လိုင်စင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထား သည့် စည်းကမ်းချက်များနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရပါက လိုင်စင်ထုတ်ပေးခွင့်ပြုရန် ဝန်ကြီးထံတင်ပြ ရမည်။

၁၄။ တိုင်းဒေသကြီးဦးစီးမှူးသည် သက်ဆိုင်ရာလိုင်စင်ကို အောက်ပါလိုင်စင်အမျိုးအစား အလိုက် ယှဉ်တွဲဖော်ပြထားသော ပုံစံဖြင့် လိုင်စင်စည်းကမ်းချက်များ ပူးတွဲလျက် ထုတ်ပေး ရမည်-

(က) ဆားထုတ်လုပ်ခွင့်လိုင်စင် ပုံစံ(၃)

(ခ) ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်လိုင်စင် ပုံစံ(၄)

၁၅။ ဆားနှင့် ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်လိုင်စင်သက်တမ်းသည် တစ်နှစ်ဖြစ်သည်။

၁၆။ တိုင်းဒေသကြီးဦးစီးမှူးသည် ဆားနှင့်ဆားထွက်ပစ္စည်း ထုတ်လုပ်ရန်အတွက် နှစ်ရှည် လိုင်စင် လျှောက်ထားလာသည့်ကိစ္စကို ခွင့်ပြုနိုင်သည်။

၁၇။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းကို ဆက်လက်လုပ်ကိုင် လိုလျှင် လိုင်စင်သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ ထက်မနည်း ကြိုတင်၍ လိုင်စင်အသစ် လဲလှယ်ပေးရန် လျှောက်ထားရမည်။

၁၈။ တိုင်းဒေသကြီးဦးစီးမှူးသည် လိုင်စင်ရရှိသူက လိုင်စင်အသစ်လဲလှယ်ရန် လျှောက်ထား လာသည့် ကိစ္စတွင် အငြင်းပွားမှု ပေါ်ပေါက်လျှင် အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်-

(က) ဆားထုတ်လုပ်မှုကျဆင်းခြင်း မရှိစေရေးအတွက် လက်ရှိလုပ်ကိုင်နေသူကို ကာလ သတ်မှတ်၍ ယာယီလုပ်ကိုင်ခွင့် ပြုနိုင်သည်၊

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့်ရှိကြောင်း တရားဝင်အထောက်အထား တင်ပြလာပါက ထိုသူ၏ အမည်ဖြင့် လိုင်စင်လဲလှယ်ထုတ်ပေးနိုင်သည်၊

(ဂ) အခြားသူအား လုပ်ငန်းလုပ်ကိုင်ခွင့်ကို လွှဲပြောင်းပေးရန်ဖြစ်ပါက ယာယီလုပ်ကိုင်ခွင့်ပြုထားသူကို လုပ်ငန်းတစ်ရာသီကုန်ဆုံးသည်အထိ လုပ်ကိုင်ခွင့်ပြုရမည်။

## အခန်း(၄)
## စားပွဲတင်ဆားနှင့်အိုင်အိုဒင်းဆား ကြိတ်ခွဲသန့်စင်ထုတ်လုပ်ခွင့်လိုင်စင်

၁၉။ စားပွဲတင်ဆားနှင့် အိုင်အိုဒင်းဆား ကြိတ်ခွဲသန့်စင်ထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားလိုသူသည်-

(က) စားပွဲတင်ဆားနှင့်အိုင်အိုဒင်းဆား ကြိတ်ခွဲသန့်စင်ထုတ်လုပ်သည့် လုပ်ငန်းနှင့် စပ်လျဉ်း၍ လိုအပ်သော စာရွက် စာတမ်းများ ပြည့်စုံစွာတင်ပြနိုင်ရမည်၊

(ခ) စားပွဲတင်ဆားနှင့်အိုင်အိုဒင်းဆား ကြိတ်ခွဲသန့်စင် ထုတ်လုပ်သည့် လုပ်ငန်း အတွက် လိုအပ်သည့် ကြိတ်စက်၊ ဗဟိုခွာစက်နှင့် လုပ်ငန်းသုံး အခြားစက်များ ရှိပြီး ဖြစ်ရမည်၊

(ဂ) လိုအပ်သော ဆားရည်သန့်စင်ကန် အရေအတွက် ရှိရမည်၊

(ဃ) ကြိတ်ခွဲသန့်စင်သည့် စားပွဲတင်ဆားနှင့် အိုင်အိုဒင်းဆားကို သိုလှောင်ထား ရှိနိုင်မည့် အဆောက်အဦ ရှိရမည်၊

(င) လုပ်ငန်းအတွက် လိုအပ်သော လုပ်သားအင်အား ရှိရမည်။

၂၀။ လုပ်ငန်းလုပ်ကိုင်လိုသူသည် ဌာန၊ အဖွဲ့အစည်းဖြစ်လျှင် ယင်းဌာန၊ အဖွဲ့အစည်း၏ တာဝန်ခံပုဂ္ဂိုလ် အမည်ဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဖြစ်လျှင် ယင်း၏အမည်ဖြင့်လည်းကောင်း လိုင်စင်ကို လျှောက်ထား ရမည်။

၂၁။ လိုင်စင်လျှောက်ထားသူသည် အောက်ပါလိုင်စင်အမျိုးအစားအလိုက် ယှဉ်တွဲဖော်ပြထား သော ပုံစံဖြင့် လျှောက်ထားရမည်-

| | |
|---|---|
| (က) စားပွဲတင်ဆားထုတ်လုပ်ခွင့်လိုင်စင် | ပုံစံ(၅) |
| (ခ) အိုင်အိုဒင်းဆား ကြိတ်ခွဲထုတ်လုပ်ခွင့်လိုင်စင် | ပုံစံ(၆) |

၂၂။ တိုင်းဒေသကြီးဦးစီးမှူးသည် လိုင်စင်လျှောက်လွှာကို လက်ခံရရှိလျှင် လျှောက်လွှာပါ အကြောင်းအရာ၊ အချက်အလက်များ မှန်ကန်ခြင်း ရှိမရှိ၊ သတ်မှတ်ထားသည့်စည်းကမ်းချက် များနှင့် ညီညွတ်ခြင်း ရှိမရှိ စစ်ဆေးတင်ပြရန် ဝန်ကြီး၏သဘောတူညီချက်ဖြင့် သက်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့အား တာဝန် ပေးအပ်နိုင်သည်။

၂၃။ သက်ဆိုင်ရာစစ်ဆေးရေးအဖွဲ့သည် လိုင်စင်လျှောက်လွှာပါ အကြောင်းအရာ၊ အချက်အလက်များ မှန်ကန်ခြင်း ရှိမရှိ၊ သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းရှိမရှိ၊ ကွင်းဆင်းစစ်ဆေးပြီး မိမိ၏ စစ်ဆေးတွေ့ရှိချက်ကို သဘောထားမှတ်ချက်များဖြင့် တိုင်း ဒေသကြီး ဦးစီးမှူးထံ ပြန်လည် တင်ပြရမည်။

၂၄။ တိုင်းဒေသကြီးဦးစီးမှူးသည် လိုင်စင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထား သည့် စည်းကမ်းချက်များနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိပါက လိုင်စင်ထုတ်ပေးခွင့်ပြုရန် ဝန်ကြီးထံ တင်ပြရမည်။

၂၅။ တိုင်းဒေသကြီးဦးစီးမှူးသည် သက်ဆိုင်ရာလိုင်စင်ကို အောက်ပါလိုင်စင်အမျိုးအစား အလိုက် ယှဉ်တွဲဖော်ပြထားသောပုံစံဖြင့် လိုင်စင်စည်းကမ်းချက်များကို ပူးတွဲလျက် ထုတ်ပေး ရမည်-

(က) စားပွဲတင်ဆားထုတ်လုပ်ခွင့်လိုင်စင် ပုံစံ(၇)

(ခ) အိုင်အိုဒင်းဆား ကြိတ်ခွဲထုတ်လုပ်ခွင့်လိုင်စင် ပုံစံ(၈)

၂၆။ စားပွဲတင်ဆားနှင့် အိုင်အိုဒင်းဆား ကြိတ်ခွဲသန့်စင်ထုတ်လုပ်ခွင့်လိုင်စင် သက်တမ်းသည် တစ်နှစ် ဖြစ်သည်။

၂၇။ တိုင်းဒေသကြီးဦးစီးမှူးသည် စားပွဲတင်ဆားနှင့် အိုင်အိုဒင်းဆား ကြိတ်ခွဲသန့်စင် ထုတ်လုပ်သည့် လုပ်ငန်း အတွက် နှစ်ရှည်လိုင်စင် လျှောက်ထားသည့်ကိစ္စကို ခွင့်ပြုနိုင်သည်။

၂၈။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် လုပ်ငန်းကို ဆက်လက် လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်း မကုန်ဆုံးမီ ရက်ပေါင်း ၆၀ထက်မနည်း ကြိုတင်၍ လိုင်စင်အသစ်လဲလှယ်ပေးရန် လျှောက်ထားရမည်။

၂၉။ တိုင်းဒေသကြီးဦးစီးမှူးသည် လိုင်စင်ရရှိသူက လိုင်စင်အသစ် လဲလှယ်ပေးရန် လျှောက်ထားလာသည့်ကိစ္စတွင် အငြင်းပွားမှု ပေါ်ပေါက်လျှင် အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်-

(က) ဆားထုတ်လုပ်မှုကျဆင်းခြင်း မရှိစေရေးအတွက် လက်ရှိလုပ်ကိုင်နေသူကို ကာလ သတ်မှတ်၍ ယာယီလုပ်ကိုင်ခွင့် ပြုနိုင်သည်၊

(ခ) လုပ်ငန်း လုပ်ကိုင်ခွင့်ရှိကြောင်း တရားဝင်အထောက်အထား တင်ပြလာပါက ထိုသူ၏ အမည်ဖြင့် လိုင်စင်အသစ် လဲလှယ်ထုတ်ပေးနိုင်သည်၊

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်ကို အခြားသူအား လွှဲပြောင်းပေးရန် ဖြစ်ပါက ယာယီ လုပ်ကိုင်ခွင့်ပြုထားသူကို ယာယီလုပ်ကိုင်ခွင့်ကာလ ကုန်ဆုံးသည်အထိ လုပ်ကိုင်ခွင့်ပြုရမည်။

## အခန်း(၅)
## လိုင်စင်ရရှိသူ၏ တာဝန်နှင့် အခွင့်အရေးများ

၁၀။ လိုင်စင်ရရှိသူသည်-

(က) လိုင်စင်ကြေး၊ လိုင်စင်အသစ်လဲလှယ်ကြေးနှင့် ရက်လွန်ကြေးတို့ကို သတ္တုတွင်း ဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲက သတ်မှတ်ထားသော နှုန်းထားအတိုင်း ပေးဆောင်ရမည်၊

(ခ) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည့်အပြင် သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်း ဌာနခွဲက အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်နှင့် ညွှန်ကြား ချက်များကိုလည်း လိုက်နာရမည်၊

(ဂ) သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြား ချက်များနှင့်အညီ ထုတ်လုပ်မှုဆိုင်ရာ စာရင်းဇယားများကို ထားရှိရ မည်၊

(ဃ) လိုင်စင်သက်တမ်း မကုန်ဆုံးမီ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းရပ်စဲလိုလျှင် လုပ်ငန်း မရပ်စဲမီ တစ်လကြိုတင်၍ သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲသို့ အကြောင်းကြား ရမည်၊

(င) စစ်ဆေးရေးအဖွဲ့က မိမိလုပ်ငန်းကို လာရောက်စစ်ဆေးလျှင် စစ်ဆေးခြင်းကို ခံယူရမည်၊

(စ) ဆားလုပ်ငန်းဌာနခွဲနှင့် စစ်ဆေးရေးအဖွဲ့က တောင်းခံသော စာရင်းဇယားများကို တင်ပြ ရမည်၊

(ဆ) မိမိလုပ်ငန်းကို ကိုယ်တိုင်မလုပ်ကိုင်ဘဲ ကိုယ်စားလှယ်ဖြင့် လုပ်ကိုင်လိုပါက တိုင်းဒေသကြီး ဦးစီးမှူး၏ ခွင့်ပြုမိန့် တောင်းခံရမည်၊

(ဇ) ဆား၊ အိုင်အိုဒင်းဆား၊ စားပွဲတင်ဆား သို့မဟုတ် ဆားထွက်ပစ္စည်းများ အရည် အသွေး အဆင့်မီစွာ ပိုမိုထုတ်လုပ်နိုင်ရေးနှင့် အထွက်နှုန်း တိုးတက် ကောင်းမွန် စေမည့် နည်းလမ်း များ ရရှိရေးအတွက် သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာန ခွဲမှ နည်းပညာရယူနိုင်ခွင့် ရှိသည်၊

(ဈ) မိမိထုတ်လုပ်သော အရည်အသွေးပြည့်မီသည့် ဆား၊ အိုင်အိုဒင်းဆား၊ စားပွဲတင် ဆား သို့မဟုတ် ဆားထွက်ပစ္စည်းများကို ပြည်တွင်း၌ လွတ်လပ်စွာ ရောင်းချနိုင် ခွင့်ရှိသည်၊

(ည) မိမိထုတ်လုပ်သော ဆား၊ အိုင်အိုဒင်းဆား၊ စားပွဲတင်ဆား သို့မဟုတ် ဆားထွက် ပစ္စည်း များကို သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲက သတ်မှတ်သည့် အရည်အသွေးနှင့် ညီညွတ်ပါက သတ်မှတ်ချက်များနှင့်အညီ ပြည်ပသို့ တင်ပို့ ရောင်းချနိုင်ခွင့်ရှိသည်။

## အခန်း(၆)
## လိုင်စင်ကြေး၊ လိုင်စင်အသစ်လဲလှယ်ကြေး၊ ရက်လွန်ကြေးများ သတ်မှတ်ခြင်း

၃၁။ တိုင်းဒေသကြီးဦးစီးမှူးသည် လိုင်စင်ကြေးကို သတ်မှတ်ကောက်ခံနိုင်သည်။

၃၂။ တိုင်းဒေသကြီးဦးစီးမှူးသည် မူလသတ်မှတ်သည့် လိုင်စင်ကြေးများနှင့်စပ်လျဉ်း၍ အောက်ပါ အကြောင်းအချက်များ ပေါ်ပေါက်ပါက ထုတ်လုပ်မှု တိုးတက်ရေးကို အထောက် အကူဖြစ်စေရန် လည်းကောင်း၊ လိုင်စင်ရရှိသူများ နစ်နာမှုမရှိစေရန်လည်းကောင်း လိုင်စင် ကြေးများကိုလျော့ပေါ့၍ ပြင်ဆင် သတ်မှတ်နိုင်သည်-

(က) ဆား၊ အိုင်အိုဒင်းဆား ၊ စားပွဲတင်ဆား သို့မဟုတ် ဆားထွက်ပစ္စည်းကို လျာထား သတ်မှတ်ချက်ထက်ကျော်လွန် ထုတ်လုပ်နိုင်ခြင်း၊

(ခ) ဆား၊ အိုင်အိုဒင်းဆား၊ စားပွဲတင်ဆား သို့မဟုတ် ဆားထွက်ပစ္စည်း ထုတ်လုပ်ရာတွင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးနစ်နာမှုများ အမှန်တကယ်ပေါ်ပေါက်ခြင်း။

၃၃။ တိုင်းဒေသကြီးဦးစီးမှူးသည် အောက်ပါတို့ကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ် နိုင်သည်-

(က) လိုင်စင်ကြေး၊

(ခ) လိုင်စင်အသစ်လဲလှယ်ကြေး၊

(ဂ) ရက်လွန်ကြေး။

## **အခန်း(၇)**
## **စစ်ဆေးသူ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၃၄။ ဝန်ကြီးသည် စစ်ဆေးသူ၏လုပ်ငန်းတာဝန်များကို သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်း ဌာနခွဲမှ ဝန်ထမ်းများကိုဖြစ်စေ သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်း၍ အခြားဌာနမှ ဝန်ထမ်းများ ကိုဖြစ်စေ အနည်းဆုံး အဖွဲ့ဝင်(၅)ဦးပါ စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ တာဝန်ပေးအပ်နိုင်သည်။

၃၅။ ဝန်ကြီးသည် လိုင်စင်လျှောက်ထားလက်ခံခြင်း၊ ခွင့်ပြုခြင်း၊ လိုင်စင်ကြေးသတ်မှတ်ခြင်း၊ စစ်ဆေးရေးအဖွဲ့အား စစ်ဆေးစေခြင်း၊ စီမံခန့်ခွဲရေးအမိန့်ချမှတ်ခြင်း၊ တိုင်ကြားမှုအား အရေးယူခြင်း လုပ်ပိုင်ခွင့် တို့ကို တိုင်းဒေသကြီးဦးစီးမှူးအား လွှဲအပ်တာဝန်ပေးနိုင်သည်။

၃၆။ စစ်ဆေးရေးအဖွဲ့သည် ဆား၊ အိုင်အိုဒင်းဆား၊ စားပွဲတင်ဆား သို့မဟုတ် ဆားထွက် ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရ မည်-

(က) လိုင်စင်လျှောက်လွှာတွင် ဖော်ပြထားသည့် အချက်အလက်များနှင့် ကိုက်ညီမှု ရှိမရှိ စစ်ဆေးခြင်း၊

(ခ) လုပ်ကိုင်ခွင့်ပြုသည့် ဆားထုတ်မြေဧရိယာအတိုင်း လုပ်ကိုင်ခြင်းရှိမရှိ စစ်ဆေး ခြင်း၊

(ဂ) ထုတ်လုပ်ရမည့် ဆား၊ အိုင်အိုဒင်းဆား၊ စားပွဲတင်ဆား သို့မဟုတ် ဆားထွက် ပစ္စည်း ပမာဏအတိုင်း ထုတ်လုပ်နိုင်ခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(ဃ) ထုတ်လုပ်သည့်ဆား၊ အိုင်အိုဒင်းဆား၊ စားပွဲတင်ဆား သို့မဟုတ် ဆားထွက် ပစ္စည်းများကို စနစ်တကျ သိုလှောင်ထားခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(င) သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲက ညွှန်ကြားသည့်အတိုင်း ထုတ်လုပ်မှု ဆိုင်ရာ စာရင်းဇယားများ ထားရှိခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(စ) လိုင်စင်ရရှိသူကိုယ်တိုင် လုပ်ငန်းလုပ်ကိုင်ခြင်း မပြုဘဲ အခြားသူက လုပ်ကိုင်နေ လျှင် တိုင်းဒေသကြီးဦးစီးမှူး၏ ခွင့်ပြုမိန့် ရှိမရှိ စစ်ဆေးခြင်း၊

(ဆ) ဆားထုတ်မြေအတွင်း ဆားထုတ်လုပ်ခြင်းလုပ်ငန်းအပြင် အခြားလုပ်ငန်းများ လုပ်ကိုင်နေ ခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(ဇ) ဆားထုတ်မြေအတွင်း ဆားထုတ်လုပ်ခြင်းလုပ်ငန်းအပြင် အခြားလုပ်ငန်း လုပ်ကိုင်နေပါက ဆားထုတ်လုပ်မှု လျော့ထားချက်ကို ထိခိုက်နိုင်ခြင်း ရှိမရှိ စိစစ်တင်ပြခြင်း၊

(ဈ) ထုတ်လုပ်သည့် ဆား၊ အိုင်အိုဒင်းဆား၊ စားပွဲတင်ဆား သို့မဟုတ် ဆားထွက် ပစ္စည်းသည် သတ်မှတ်ထားသည့် အရည်အသွေးအဆင့် မီမမီ ဓာတ်ခွဲစစ်ဆေး နိုင်ရန် နမူနာရယူ တင်ပြခြင်းနှင့် လိုအပ်ပါက ဓာတ်ခွဲစစ်ဆေးခြင်း၊

(ည) တိုးချဲ့လုပ်ကိုင်မည့် ဆားထုတ်မြေ ရှိမရှိကို စစ်ဆေးခြင်းနှင့် တိုးချဲ့လုပ်ကိုင်နိုင် မည့် ဧရိယာကို စိစစ်တင်ပြခြင်း။

၃၇။ စစ်ဆေးရေးအဖွဲ့သည် ဆား၊ အိုင်အိုဒင်းဆား၊ စားပွဲတင်ဆား သို့မဟုတ် ဆားထွက် ပစ္စည်းများနှင့် စပ်လျဉ်း၍ သတ်မှတ်သည့် အရည်အသွေး ပြည့်မီခြင်း ရှိမရှိ သိရှိနိုင်ရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်နိုင် သည်-

(က) သိုလှောင်သည့် အဆောက်အဦအတွင်းသို့ ဝင်ရောက် စစ်ဆေးခြင်း၊

(ခ) သယ်ဆောင်သည့် ယာဉ်ကို ရပ်တန့်စစ်ဆေးခြင်း။

၃၈။ စစ်ဆေးရေးအဖွဲ့သည် မိမိတာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် လိုအပ်ပါက ရန်ကုန်တိုင်း ဒေသကြီး ရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

## **အခန်း(၈)**
## **အရေးယူခြင်းနှင့် သက်သေခံပစ္စည်း သိမ်းယူခြင်း**

၃၉။ စစ်ဆေးရေးအဖွဲ့သည် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို စစ်ဆေးတွေ့ရှိလျှင် ဥပဒေနှင့် အညီ အရေးယူနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးဆားလုပ်ငန်းရုံး၊ တိုင်းဒေသကြီး ဦးစီးမှူး ထံ တင်ပြရမည်-

(က) လိုင်စင်မရှိဘဲ ဆား၊ အိုင်အိုဒင်းဆား၊ စားပွဲတင်ဆား သို့မဟုတ် ဆားထွက် ပစ္စည်းကို စီးပွားဖြစ် ထုတ်လုပ်ခြင်း၊

(ခ) လိုင်စင်ရရှိသူက ထင်း သို့မဟုတ် မီးသွေးဖြင့် ဆားထုတ်လုပ်ခြင်း၊

(ဂ) လိုင်စင်ရရှိသူက လိုင်စင်ပါစည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဃ) လိုင်စင်ရရှိသူက သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲက ထုတ်ပြန်ထား သည့် ဆားထုတ်လုပ်မှုဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက် ခြင်း။

၄၀။ စစ်ဆေးရေးအဖွဲ့သည် နည်းဥပဒေ ၃၉ အရ တင်ပြရာတွင် စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊ သဘောထားမှတ်ချက်များနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထား များကိုပါ ပူးတွဲတင်ပြ ရမည်-

(က) စွပ်စွဲခံရသူနှင့် သက်သေများ၏ ထွက်ဆိုချက်၊

(ခ) လိုအပ်ပါက ပြစ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်သမျှ ထင်ရှားစေမည့် မှတ်တမ်း ဓာတ်ပုံ၊ အခြားစာရွက်စာတမ်း အထောက်အထားများ၊

(ဂ) ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပထမအကြိမ် ကျူးလွန်ခဲ့ဘူးသော ပြစ်မှုကို ထပ်မံကျူးလွန်ခြင်းဖြစ်ပါက ယခင်ပြစ်မှု ကျူးလွန်ခဲ့ကြောင်း အထောက် အထား။

၄၁။ လိုင်စင်မရှိဘဲ ဆား၊ အိုင်အိုဒင်းဆား၊ စားပွဲတင်ဆား သို့မဟုတ် ဆားထွက်ပစ္စည်းကို စီးပွားဖြစ် ထုတ်လုပ်ကြောင်း စစ်ဆေးတွေ့ရှိပါက စစ်ဆေးရေးအဖွဲ့သည် ယင်းသို့ ထုတ်လုပ်သူကို အရေးယူ ရမည့်အပြင် ဆား၊ အိုင်အိုဒင်းဆား၊ စားပွဲတင်ဆား သို့မဟုတ် ဆားထွက်ပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်းများကိုလည်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သိမ်းဆည်းရမည်။ ထိုသို့ သက်သေခံပစ္စည်း သိမ်းဆည်းသည့် ရှာဖွေပုံစံကို တိုင်းဒေသကြီးဦးစီးမှူးထံ တင်ပြသည့် အစီရင်ခံစာတွင် ပူးတွဲရမည်။

၄၂။ တိုင်းဒေသကြီးဦးစီးမှူးသည် သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ၏ နည်းဥပဒေ ၄၀ အရ တင်ပြလာသော အစီရင်ခံစာကို စိစစ်၍ ဆားနှင့်ဆားထွက်ပစ္စည်းဆိုင်ရာပုဒ်မ ၁၆၊ ၁၇ နှင့်အညီ စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးတပ်ရိုက်သည့် အမိန့်ကို ချမှတ်ရမည်။

၄၃။ တိုင်းဒေသကြီးဦးစီးမှူးသည် ချမှတ်သောအမိန့်ကို သက်ဆိုင်ရာ ပြစ်မှုကျူးလွန်သူအား ဆင့်ခေါ်၍ တပ်ရိုက်ထားသော ဒဏ်ကြေးငွေ ပေးဆောင်ရန် ညွှန်ကြားရမည်။

၄၄။ တိုင်းဒေသကြီးဦးစီးမှူးသည် ဒဏ်ကြေးငွေကို လက်ခံရရှိလျှင် တိုင်းဒေသကြီး ဘဏ္ဍာ ရန်ပုံငွေစာရင်းသို့ သတ်မှတ်ချက်များနှင့်အညီ ပေးသွင်းရမည်။

၄၅။ တိုင်းဒေသကြီးဦးစီးမှူးသည် နည်းဥပဒေ ၄၀ အရ တင်ပြလာသော အစီရင်ခံစာတွင် ပါရှိသည့် သိမ်းဆည်းထားသော သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ စိစစ်ပြီး အောက်ပါအမိန့် တို့ကို ချမှတ်နိုင်သည်-

(က) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊

(ခ) ပြစ်မှုနှင့်မသက်ဆိုင်သော ပစ္စည်းကို သက်ဆိုင်သူသို့ ပြန်လည်ပေးအပ်ခြင်း၊

(ဂ) ဆက်လက်ထားရှိရန် မသင့်သော ပစ္စည်းကို လိုအပ်ပါက ဖျက်ဆီးစေခြင်း။

## အခန်း(၉)
## အယူခံခြင်း

၄၆။ တိုင်းဒေသကြီးဦးစီးမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အယူခံရာတွင် မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် မိတ္တူမှန် ထုတ်ပေးသည့်နေ့အထိ ကြန့်ကြာသည့်ကာလကို အယူခံခွင့်ပြုထားသောကာလတွင် ထည့်သွင်း ရေတွက်ခြင်း မပြုရ။

၄၇။ အယူခံသူသည် အယူခံလွှာကို မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မိတ္တူမှန်နှင့်အတူ ဝန်ကြီးထံသို့ ပေးပို့ရမည်။ စာတိုက်မှတစ်ဆင့် မှတ်ပုံတင်၍ ပေးပို့ခြင်း ဖြစ်လျှင် ယင်းသို့ မှတ်ပုံတင်ပေးပို့သည့်နေ့ကို အယူခံလွှာတင်သွင်းသည့် နေ့အဖြစ် သတ်မှတ်ရမည်။

## အခန်း(၁၀)
## အထွေထွေ

၄၈။ သတ္တုတွင်း ဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ၊ ရန်ကုန်တိုင်းဒေသကြီးဆားလုပ်ငန်းရုံးသည် ဆား၊ အိုင်အိုဒင်းဆား၊ စားပွဲတင်ဆား သို့မဟုတ် ဆားထွက်ပစ္စည်းများကို အရည်အသွေးမီစွာ ထုတ်လုပ်နိုင်ရေး နှင့် အထွက်နှုန်း တိုးတက်ကောင်းမွန်စေသည့် နည်းလမ်းများ ရရှိရေးအတွက် နည်းပညာကို လိုင်စင်ရရှိသူ များအား ဖြန့်ဖြူးပေးနိုင်ရန် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရမည်။

၄၉။ သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲသည် ဆား၊ အိုင်အိုဒင်းဆား၊ စားပွဲတင်ဆား သို့မဟုတ် ဆားထွက်ပစ္စည်း ထုတ်လုပ်ရေးအတွက် တည်ဆဲဥပဒေနှင့်အညီ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) ပြည်တွင်းပုဂ္ဂိုလ် သို့မဟုတ် ပြည်တွင်းအဖွဲ့အစည်း တစ်ရပ်ရပ်နှင့် ဖက်စပ် လုပ်ကိုင်ခြင်း၊

(ခ) ပြည်ပပုဂ္ဂိုလ် သို့မဟုတ် ပြည်ပအဖွဲ့အစည်း တစ်ရပ်ရပ်နှင့် ဖက်စပ်လုပ်ကိုင်ခြင်း။

၅၀။ ပြည်ပပုဂ္ဂိုလ် သို့မဟုတ် ပြည်ပအဖွဲ့အစည်းသည် ဆား၊ အိုင်အိုဒင်းဆား၊ စားပွဲတင်ဆား သို့မဟုတ် ဆားထွက်ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်း လုပ်ကိုင်လိုပါက ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အညီ ဆောင်ရွက်ရမည်။

၅၁။ သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ၊ ရန်ကုန်တိုင်းဒေသကြီးဆားလုပ်ငန်းရုံးက ရရန်ရှိသော လိုင်စင်ကြေး၊ ရက်လွန်ကြေးနှင့် ဒဏ်ကြေးငွေတို့ကို မြေခွန်မပြေကျန်ငွေဖြစ်ဘိ သကဲ့သို့ မှတ်ယူ၍ အရကောက်ခံရာတွင် ဤကိစ္စအလို့ငှာ တာဝန်ပေးအပ်သော တိုင်းဒေသကြီး ဦးစီးမှူးသည် တည်ဆဲဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက် ရမည်။

ပုံ

( သန်းမြင့် )
ဝန်ကြီး
စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ပုံစံ(၁)

## ဆားထုတ်လုပ်ခွင့်လိုင်စင်လျှောက်လွှာ

## ( နည်းဥပဒေ ၈)

သို့

တိုင်းဒေသကြီးဦးစီးမှူး

သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ

ရန်ကုန်တိုင်းဒေသကြီးဆားလုပ်ငန်းရုံး

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ဆားထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် စပ်လျဉ်း၍ ဆားထုတ်လုပ်ခွင့် လိုင်စင်ကို အောက်ပါ အချက်အလက် များဖော်ပြပြီး လျှောက်ထားအပ်ပါသည်-

(က) အမည် ______________________________

(ခ) အဖွဲ့အစည်းအမည် - ______________________________

(ဂ) လုပ်ငန်းပိုင်ဆိုင်မှုအမျိုးအစား(တစ်ဦးတည်း/အစုစပ်/ကုမ္ပဏီပိုင်) ______________________________

(ဃ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသားမှတ်ပုံတင်အမှတ် ______________________________

(င) အသက် ______________________________ (စ) မွေးနေ့သက္ကရာဇ် ______________________________

(ဆ) အဖအမည် ______________________________

(ဇ) လူမျိုး ______________________________ (ဈ) ကိုးကွယ်သည့်ဘာသာ ______________________________

(ည) နေရပ်လိပ်စာ ______________________________

______________________________

______________________________

(ဋ) ထုတ်လုပ်လိုသည့်ဆားအမျိုးအစား ______________________________

(ဌ) _______________ခုနှစ်တွင် ထုတ်လုပ်မည့်ပမာဏ____________________________ ပိဿာ/တန်ခန့်

(ဍ) ထုတ်လုပ်မည့် ဧရိယာ (၁) လှန်းကွင်း ____________________________________________ ဧက

(၂)ကြိုးကွင်း ____________________________________________ ဧက

(၃)စုစုပေါင်း ____________________________________________ ဧက

(ဎ) ထုတ်လုပ်သည့်နေရာ (၁) ________________________________________________________

(၂) ________________________________________________________

(ဏ) ကွင်းဟောင်း သို့မဟုတ် ကွင်းသစ် (၁) ကွင်းအမှတ် ______________________________________

(၂) ကွင်းအမည် ______________________________________

(တ) သိုလှောင်ရုံ အရေအတွက်နှင့် သိုလှောင်မည့် ပမာဏ ________________________________________

(ထ) ယခင်နှစ် ထုတ်လုပ်ခဲ့သည့် ပမာဏ ____________________________________________ ပိဿာ/တန်

____________________________________________ ပိဿာ/တန်

(ဒ) စတင်ထုတ်လုပ်ခဲ့သည့် နှစ်၊ ယခင်နှစ်လိုင်စင်အမှတ် ______________________________________

(ဓ) လုပ်သားအင်အား (၁) ကြီးကြပ်သူ ________________________________________________ ဦး

(၂) ဆားရည်ကိုင် ________________________________________________ ဦး

(၃) ကွင်းလုပ်သား ________________________________________________ ဦး

(၄) အခြားလုပ်သား ________________________________________________ ဦး

(န) တစ်ဧက ထွက်နိုင်မည့် ပမာဏ(ခန့်မှန်း) ______________________
ပိဿာ/ တန်

(ပ) တစ်ပိဿာ/တစ်တန် ထုတ်လုပ်မှုကုန်ကျစရိတ်(ခန့်မှန်း) ______________________
ကျပ်/ပြား

(ဖ) လိုင်စင်လျှောက်ထားလိုသည့် ကာလ ______________________မှ
______________________ထိ

၂။ လျှောက်လွှာပါ ဆားထုတ်လုပ်မည့် မြေအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ကို ပူးတွဲ တင်ပြပါသည်။

၃။ ဆားထုတ်လုပ်မည့်မြေ၏ ကွင်းမြေပုံကို ပူးတွဲ တင်ပြပါသည်။

၄။ ထုတ်လုပ်မည့်မြေနှင့် စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်း သို့မဟုတ် လုပ်ကိုင်ခွင့်ရှိကြောင်း အထောက်အထားကို ပူးတွဲတင်ပြပါသည်။

၅။ လိုင်စင်လျှောက်ထားသည့်နေ့တွင် ဆားလက်ကျန် အရေအတွက် ______________________
ပိဿာ/တန်

၆။ သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲက ဆားထုတ်လုပ်ခွင့်လိုင်စင် ထုတ်ပေးပါက လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ်၊ ……………..……………………..
လျှောက်ထားသူအမည် ၊ …………………..

ပုံစံ(၂)

# ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်လိုင်စင်လျှောက်လွှာ

## ( နည်းဥပဒေ ၈)

သို့

တိုင်းဒေသကြီးဦးစီးမှူး

သတ္တုတွင်းဦးစီးဌာန၊ဆားလုပ်ငန်းဌာနခွဲ

ရန်ကုန်တိုင်းဒေသကြီးဆားလုပ်ငန်းရုံး

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် စပ်လျဉ်း၍ ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့် လိုင်စင်ကို အောက်ပါ အချက်အလက်များဖော်ပြပြီး လျှောက်ထားအပ်ပါသည်-

(က) အမည် ____________________

(ခ) အဖွဲ့အစည်းအမည် - ____________________

(ဂ) လုပ်ငန်းပိုင်ဆိုင်မှုအမျိုးအစား(တစ်ဦးတည်း/အစုစပ်/ကုမ္ပဏီပိုင်) ____________________

(ဃ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသားမှတ်ပုံတင်အမှတ် ____________________

(င) အသက် ____________________

(စ) မွေးသက္ကရာဇ် ____________________

(ဆ) အဖအမည် ____________________

(ဇ) လူမျိုး ____________________

(ဈ) ကိုးကွယ်သည့်ဘာသာ ____________________

(ည) နေရပ်လိပ်စာ ____________________

______________________________

________________________________________

(ဠ) ထုတ်လုပ်လိုသည့်ဆားထွက်ပစ္စည်းအမျိုးအစား

(က) ____________________ (ခ) ____________________

(ဂ)____________________

(ဋ) ၂၀ -၂၀ ခုနှစ်တွင် ထုတ်လုပ်မည့်ပမာဏ(က)

________________________(ပိဿာ/တန်)

(ခ) ________________________(ပိဿာ/တန်)

(ဂ)

________________________(ပိဿာ/တန်)

(ဍ) ထုတ်လုပ်မည့်နေရာ

________________________________________________

____

(ဎ) ထုတ်လုပ်မည့် ဧရိယာ

________________________________________________

____

(ဏ) အသုံးပြုမည့် ကုန်ကြမ်း (၁) <u>အမျိုးအစား</u> (၂) <u>အရေအတွက်</u>

(ကက) ____________________ (ကက) ____________________

(ခခ) ____________________ (ခခ) ____________________

(ဂဂ) ____________________ (ဂဂ) ____________________

(တ) အသုံးပြုမည့် လုပ်ငန်းသုံး ပစ္စည်းများ

| <u>အကြောင်းအရာ</u> | <u>အရွယ်အစား</u> | <u>အရေအတွက်</u> |
|---|---|---|
| (၁) ________________ | (၁) ________________ | (၁) ________________ |
| (၂) ________________ | (၂) ________________ | (၂) ________________ |
| (၃) ________________ | (၃) ________________ | (၃) ________________ |
| (၄) ________________ | (၄) ________________ | (၄) ________________ |

(၅) ____________ (၅) ____________ (၅) ____________

(ထ) သိုလှောင်ရုံ အရေအတွက်နှင့် အရွယ်အစား

______________________________

______________________________

______________

(ဒ) သိုလှောင်နိုင်သည့်ပမာဏ ______________________________

(ဓ) ယခင်နှစ် ထုတ်လုပ်ခဲ့သည့် ပမာဏ ______________________________ ပိဿာ/တန်

______________________________ ပိဿာ/တန်

(န) စတင်ထုတ်လုပ်ခဲ့သည့် နှစ်၊ ယခင်နှစ်လိုင်စင်အမှတ် ______________________________

______________________________

______________________________

(ပ) လုပ်သားအင်အား (၁) ကြီးကြပ်သူ

______________________________ ဦး

(၂) ကျွမ်းကျင်လုပ်သား

______________________________ ဦး

(၃) သာမန်လုပ်သား

______________________________ ဦး

(၄) အခြား

______________________________ ဦး

(ဖ) တစ်လထွက်နှုန်း ______________________________ ပိဿာ/ တန်

(ဗ) တစ်ပိဿာ/တစ်တန် ထုတ်လုပ်မှုကုန်ကျစရိတ်(ခန့်မှန်း) ______________________________ ကျပ်/ပြား

(ဘ) လိုင်စင်လျှောက်ထားလိုသည့် ကာလ ______________________________ မှ ______________________________ ထိ

၂။ လျှောက်လွှာပါ ဆားထွက်ပစ္စည်းထုတ်လုပ်မည့် မြေအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက် ကို ပူးတွဲ တင်ပြပါသည်။

၃။ ဆားထွက်ပစ္စည်းထုတ်လုပ်မည့်မြေ/စက်ရုံ၏ပုံကို ပူးတွဲ တင်ပြပါသည်။

၄။ ဆားထွက်ပစ္စည်းထုတ်လုပ်မည့် လုပ်ငန်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်း သို့မဟုတ် လုပ်ကိုင်ခွင့်ရှိကြောင်း အထောက်အထားကို ပူးတွဲတင်ပြပါသည်။

၅။ လိုင်စင်လျှောက်ထားသည့်နေ့တွင် မိမိလုပ်ငန်းရှိ ဆားထွက်ပစ္စည်းလက်ကျန် အရေအတွက်မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

| | ဆားထွက်ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | ______________________ | ________________ ပိဿာ/တန် |
| (ခ) | ______________________ | ________________ ပိဿာ/တန် |
| (ဂ) | ______________________ | ________________ ပိဿာ/တန် |

၆။ သတ္တုတွင်းဦးစီးဌာန၊ဆားလုပ်ငန်းဌာနခွဲက ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်လိုင်စင် ထုတ်ပေးပါက လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ်၊ ……………..…………………..

လျှောက်ထားသူအမည် ၊ ….…………………..

ပုံစံ(၃)

**ဆားထုတ်လုပ်ခွင့်လိုင်စင်**

**( နည်းဥပဒေ ၁၄)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ**

**ရန်ကုန်တိုင်းဒေသကြီးဆားလုပ်ငန်းရုံး**

**ဆားထုတ်လုပ်ခွင့်လိုင်စင်**

လိုင်စင်အမှတ်၊ ____________________

ရက်စွဲ၊ __________________________

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ၊ ရန်ကုန်တိုင်းဒေသကြီးဆားလုပ်ငန်းရုံး သည် ဆားနှင့်ဆားထွက်ပစ္စည်းဆိုင်ရာနည်းဥပဒေပုဒ်မ ၁၄ အရ အောက်အမည်ပါ လုပ်ငန်းရှင်အား ဆားထုတ်လုပ်ခွင့် လိုင်စင်ကို ထုတ်ပေးလိုက်သည်-

(က) အမည် ____________________________________________

(ခ) အသက် - ____________________________________________

(ဂ) အဖအမည် ____________________________________________

(ဃ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသားမှတ်ပုံတင်အမှတ် ______________________

(င) နေရပ်လိပ်စာ ____________________________________________

(စ) ထုတ်လုပ်ခွင့်ပြုသည့် ဆားအမျိုးအစား ______________________

(ဆ) ထုတ်လုပ်ခွင့်ပြုသည့် ဒေသ ______________________

(ဇ) ထုတ်လုပ်ခွင့်ပြုသည့် နေရာ/ကွင်းအမှတ် ______________________

(၂၀ - ၂၀ )ခုနှစ်ဆားရာသီအတွက် (____________________ဧက)အား ဆားထုတ်လုပ်ခွင့်ပြုသည်။

တိုင်းဒေသကြီးဦးစီးမှူး

(၂၀ - ၂၀ )ခုနှစ်ဆားရာသီအတွက် (__________________ဇကေ)အား ဆားထုတ်လုပ်ခွင့်ပြုသည်။

တိုင်းဒေသကြီးဦးစီးမှူး

(၂၀ - ၂၀ )ခုနှစ်ဆားရာသီအတွက် (__________________ဇကေ)အား ဆားထုတ်လုပ်ခွင့်ပြုသည်။

တိုင်းဒေသကြီးဦးစီးမှူး

၂။ လိုင်စင်ရရှိသူသည် ဆားနှင့်ဆားထွက်ပစ္စည်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

**စည်းကမ်းချက်များ**

၁။ ဤလိုင်စင်ကို မိမိလုပ်ငန်းတည်ရှိရာနေရာဒေသတွင် အစဉ်အမြဲသိမ်းဆည်းထားရန်ဖြစ်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူပုဂ္ဂိုလ်များ စစ်ဆေးသောအခါ ပြသရမည်။

၂။ တည်ဆဲဥပဒေအရ ဆားလုပ်ငန်းဌာနခွဲက သတ်မှတ်ထားသော အခကြေးငွေများကို လိုင်စင်ထုတ်ပေးသည့် အခါတွင် အကြေအလည် ပေးဆောင်ရမည်။

၃။ ထုတ်လုပ်မှုဆိုင်ရာ စာရင်းဇယားများထားရှိပြီး တာဝန်ရှိပုဂ္ဂိုလ်များ စစ်ဆေးသည့်အခါ တင်ပြရမည်။

၄။ မိမိလုပ်ငန်းမှ အမှန်တကယ်ထုတ်လုပ်သည့် ဆားထွက်ပမာဏစာရင်းကို ရာသီကုန်ဆုံး လုပ်ငန်းပြီးစီးပါက နောက်ရက်သတ္တပတ်အတွင်း ဆားလုပ်ငန်းဌာနခွဲ၊ ရန်ကုန်တိုင်းဒေသ ကြီးဆားလုပ်ငန်းရုံးသို့ တင်ပြရမည်။

၅။ ထုတ်လုပ်သောဆားများ၏အရည်အသွေးကို လိုအပ်၍ ဓာတ်ခွဲစစ်ဆေးပါက ကျသင့်သော ဓာတ်ခွဲခများကို ရန်ကုန်တိုင်းဒေသကြီးဆားလုပ်ငန်းရုံးသို့ ပေးသွင်းရမည်။

၆။ အရည်အသွေးမီ ဆားကောင်းဆားသန့်များကိုသာ ထုတ်လုပ်ရမည်။

၇။ ဤလိုင်စင်ကို မသက်ဆိုင်သူအား လွှဲပြောင်းပေးအပ်ခြင်း မပြုရ။

ပုံစံ(၄)

**ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်လိုင်စင်**

**( နည်းဥပဒေ ၁၄)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ**

**ရန်ကုန်တိုင်းဒေသကြီးဆားလုပ်ငန်းရုံး**

**ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်လိုင်စင်**

လိုင်စင်အမှတ်၊ ____________________

ရက်စွဲ၊ __________________________

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ၊ ရန်ကုန်တိုင်းဒေသကြီးဆားလုပ်ငန်းရုံး သည် ဆားနှင့်ဆားထွက်ပစ္စည်းဆိုင်ရာနည်းဥပဒေပုဒ်မ ၁၄ အရ အောက်အမည်ပါ လုပ်ငန်းရှင်အား ဆားထွက် ပစ္စည်းထုတ်လုပ်ခွင့် လိုင်စင်ကို ထုတ်ပေးလိုက်သည်-

(က) အမည် ______________________________________________________________

(ခ) အသက် - ______________________________________________________________

(ဂ) အဖအမည် ______________________________________________________________

(ဃ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသားမှတ်ပုံတင်အမှတ် ______________________________________

(င) နေရပ်လိပ်စာ ______________________________________________________________

(စ) ထုတ်လုပ်ခွင့်ပြုသည့် ဆားအမျိုးအစား ____________________________________________________

(ဆ) ထုတ်လုပ်ခွင့်ပြုသည့် ဒေသ ______________________________________________________________

(ဇ) ထုတ်လုပ်ခွင့်ပြုသည့် နေရာ ______________________________________________________________

(၂၀ - ၂၀ )ခုနှစ်ဆားရာသီအတွက် (__________________တန်)အား ထုတ်လုပ်ခွင့်ပြုသည်။

တိုင်းဒေသကြီးဦးစီးမှူး

(၂၀ - ၂၀ )ခုနှစ်ဆားရာသီအတွက် (__________________တန်)အား ထုတ်လုပ်ခွင့်ပြုသည်။

တိုင်းဒေသကြီးဦးစီးမှူး

(၂၀ - ၂၀ )ခုနှစ်ဆားရာသီအတွက် (__________________တန်)အား ထုတ်လုပ်ခွင့်ပြုသည်။

တိုင်းဒေသကြီးဦးစီးမှူး

၂။ လိုင်စင်ရရှိသူသည် ဆားနှင့်ဆားထွက်ပစ္စည်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

**စည်းကမ်းချက်များ**

၁။ ဤလိုင်စင်ကို မိမိလုပ်ငန်းတည်ရှိရာနေရာဒေသတွင် အစဉ်အမြဲသိမ်းဆည်းထားရန်ဖြစ်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူပုဂ္ဂိုလ်များ စစ်ဆေးသောအခါ ပြသရမည်။

၂။ တည်ဆဲဥပဒေအရ ဆားလုပ်ငန်းဌာနခွဲက သတ်မှတ်ထားသော အခကြေးငွေများကို လိုင်စင်ထုတ်ပေးသည့် အခါတွင် အကြေအလည် ပေးဆောင်ရမည်။

၃။ ထုတ်လုပ်မှုဆိုင်ရာ စာရင်းဇယားများထားရှိပြီး တာဝန်ရှိပုဂ္ဂိုလ်များ စစ်ဆေးသည့်အခါ တင်ပြရမည်။

၄။ မိမိလုပ်ငန်းမှ အမှန်တကယ်ထုတ်လုပ်သည့် ဆားထွက်ပစ္စည်းပမာဏစာရင်းကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး နောက်ရက်သတ္တပတ်အတွင်း ဆားလုပ်ငန်းဌာနခွဲ၊ ရန်ကုန်တိုင်းဒေသကြီး ဆားလုပ်ငန်းရုံးသို့ တင်ပြ ရမည်။

၅။ ထုတ်လုပ်သောဆားများ၏အရည်အသွေးကို လိုအပ်၍ ဓာတ်ခွဲစစ်ဆေးပါက ကျသင့်သော ဓာတ်ခွဲခများကို ရန်ကုန်တိုင်းဒေသကြီးဆားလုပ်ငန်းရုံးသို့ ပေးသွင်းရမည်။

၆။ အရည်အသွေးမီ ဆားထွက်ပစ္စည်းများကိုသာ ထုတ်လုပ်ရမည်။

၇။ ဤလိုင်စင်ကို မသက်ဆိုင်သူအား လွှဲပြောင်းပေးအပ်ခြင်း မပြုရ။

ပုံစံ(၅)

**စားပွဲတင်ဆားထုတ်လုပ်ခွင့်လိုင်စင်လျှောက်လွှာ**

**( နည်းဥပဒေ ၂၁)**

သို့

တိုင်းဒေသကြီးဦးစီးမှူး

သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ

ရန်ကုန်တိုင်းဒေသကြီးဆားလုပ်ငန်းရုံး

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ စားပွဲတင်ဆားထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် စပ်လျဉ်း၍ စားပွဲတင်ဆားထုတ်လုပ်ခွင့် လိုင်စင်ကို အောက်ပါအချက် အလက်များ ဖော်ပြပြီး လျှောက်ထားအပ်ပါသည်-

(က) အမည် ____________________

(ခ) အဖွဲ့အစည်းအမည် - ____________________

(ဂ) လုပ်ငန်းပိုင်ဆိုင်မှုအမျိုးအစား(တစ်ဦးတည်း/အစုစပ်/ကုမ္ပဏီပိုင်) ____________________

(ဃ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသားမှတ်ပုံတင်အမှတ် ____________________

(င) အသက် ____________________

(စ) မွေးသက္ကရာဇ် ____________________

(ဆ) အဖအမည် ____________________

(ဇ) လူမျိုး ____________________

(ဈ) ကိုးကွယ်သည့်ဘာသာ ____________________

(ည) နေရပ်လိပ်စာ

______________________________________________________________________

___________________________________

_______________________________________________

(ဋ) ထုတ်လုပ်မည့်နည်းစနစ်

_____________________________________________________________

(ဌ) ထုတ်လုပ်မည့်စားပွဲတင်ဆားအမျိုးအစား

_____________________________________________

(ဍ) ၂၀ -၂၀ ခုနှစ်တွင် (၁) ______________________________________________ပိဿာ/တန် ထုတ်လုပ်မည့်ပမာဏ

(ဎ) ယခင်နှစ်လိုင်စင်အမှတ်

____________________________________________________________

(ဏ) ကြိတ်စက်အမည်

_______________________________________________________________

(တ) ထုတ်လုပ်မည့်နေရာ

_____________________________________________________________

(ထ) ယခင်နှစ်ထုတ်လုပ်ခဲ့သည့်ပမာဏ

__________________________________________________

(ဒ) စတင်ထုတ်လုပ်ခဲ့သည့်ခုနှစ်

________________________________________________________

(ဓ) တစ်ပိဿာ/တစ်တန်ထုတ်လုပ်မှု ကုန်ကျစရိတ် ________________________________________

(န) ယခင်နှစ်အသုံးပြုခဲ့သည့် $KIO_3$ _________________________________________ပိဿာ/ကီလို

(ပ) ယခုနှစ်အသုံးပြုမည့် $KIO_3$ _____________________________________________ ပိဿာ/ကီလို

(ဖ) လိုင်စင်လျှောက်ထားလိုသည့်ကာလ __________________________မှ ____________________ထိ

(၂) လျှောက်လွှာပါ စားပွဲတင်ဆားထုတ်လုပ်မည့်လုပ်ငန်းအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက် ကို ပူးတွဲတင်ပြအပ်ပါသည်။

၃။ စားပွဲတင်ဆားထုတ်လုပ်ခွင့်ပြုထားသည့် မြေ/နေရာ၏ မြေပုံကို ပူးတွဲတင်ပြပါသည်။

၄။ ထုတ်လုပ်မည့်လုပ်ငန်းနှင့် စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်း သို့မဟုတ် လုပ်ကိုင်ခွင့်ရှိကြောင်း အထောက်အထား ကို ပူးတွဲတင်ပြပါသည်။

၅။ လိုင်စင်လျှောက်သည့်နေ့တွင် လက်ကျန်စားပွဲတင်ဆားအရေအတွက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က)

________________________________________ ပိဿာ/တန်

(ခ)

________________________________________ ပိဿာ/တန်

၆။ သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲက စားပွဲတင်ဆားထုတ်လုပ်ခွင့်လိုင်စင် ထုတ်ပေးပါက လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ်၊ ……………..…………………..

လျှောက်ထားသူအမည် ၊ …………………..

ပုံစံ(၆)

## အိုင်အိုဒင်းဆားကြိတ်ခွဲသန့်စင်ထုတ်လုပ်ခွင့်လိုင်စင်လျှောက်လွှာ

## (နည်းဥပဒေ ၂၁)

သို့

တိုင်းဒေသကြီးဦးစီးမှူး

သတ္တုတွင်းဦးစီးဌာန၊ဆားလုပ်ငန်းဌာနခွဲ

ရန်ကုန်တိုင်းဒေသကြီးဆားလုပ်ငန်းရုံး

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ အိုင်အိုဒင်းဆားကြိတ်ခွဲသန့်စင်ထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် စပ်လျဉ်း၍ အိုင်အိုဒင်းဆားကြိတ်ခွဲသန့်စင်ထုတ်လုပ်ခွင့် လိုင်စင်ကို အောက်ပါ အချက်အလက်များဖော်ပြပြီး လျှောက်ထားအပ်ပါသည်-

(က) အမည် ____________________

(ခ) အဖွဲ့အစည်းအမည် - ____________________

(ဂ) လုပ်ငန်းပိုင်ဆိုင်မှုအမျိုးအစား(တစ်ဦးတည်း/အစုစပ်/ကုမ္ပဏီပိုင်) ____________________

(ဃ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသားမှတ်ပုံတင်အမှတ် ____________________

(င) အသက် ____________________

(စ) မွေးသက္ကရာဇ် ____________________

(ဆ) အဖအမည် ____________________

(ဇ) လူမျိုး ____________________

(ဈ) ကိုးကွယ်သည့်ဘာသာ ____________________

(ည) နေရပ်လိပ်စာ

________________________________________________________

____________________________

_______________________________________

(ဋ) ထုတ်လုပ်မည့်နည်းစနစ်

__________________________________________________

(ဌ) ထုတ်လုပ်မည့်အိုင်အိုဒင်းဆားအမျိုးအစား

_____________________________________

(ဍ) ၂၀ -၂၀ ခုနှစ်တွင် (၁) _______________________________________ပိဿာ/တန် ထုတ်လုပ်မည့်ပမာဏ

(ဎ) ယခင်နှစ်လိုင်စင်အမှတ်

_________________________________________________

(ဏ) ကြိတ်စက်အမည်

______________________________________________________

(တ) ထုတ်လုပ်မည့်နေရာ

____________________________________________________

(ထ) ယခင်နှစ်ထုတ်လုပ်ခဲ့သည့်ပမာဏ

__________________________________________

(ဒ) စတင်ထုတ်လုပ်ခဲ့သည့်ခုနှစ်

______________________________________________

(ဓ) တစ်ပိဿာ/တစ်တန်ထုတ်လုပ်မှု ကုန်ကျစရိတ် __________________________________

(န) ယခင်နှစ်အသုံးပြုခဲ့သည့် $KIO_3$ ___________________________________ပိဿာ/ကီလို

(ပ) ယခုနှစ်အသုံးပြုမည့် $KIO_3$ ______________________________________ပိဿာ/ကီလို

(ဖ) လိုင်စင်လျှောက်ထားလိုသည့်ကာလ ____________________မှ _________________ထိ

(၂) လျှောက်လွှာပါ အိုင်အိုဒင်းဆားထုတ်လုပ်မည့်လုပ်ငန်းအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြအပ်ပါသည်။

၃။ အိုင်အိုဒင်းဆားထုတ်လုပ်ခွင့်ပြုထားသည့် မြေ/နေရာ၏ မြေပုံကို ပူးတွဲတင်ပြပါသည်။

၄။ ထုတ်လုပ်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်း သို့မဟုတ် လုပ်ကိုင်ခွင့်ရှိကြောင်း အထောက်အထား ကို ပူးတွဲတင်ပြပါသည်။

၅။ လိုင်စင်လျှောက်သည့်နေ့တွင် လက်ကျန်အိုင်အိုဒင်းဆားအရေအတွက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က)

_______________________________________________ပိဿာ/တန်

(ခ)

_______________________________________________ပိဿာ/တန်

၆။ သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲက အိုင်အိုဒင်းဆားကြိတ်ခွဲထုတ်လုပ်ခွင့်လိုင်စင် ထုတ်ပေးပါက လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ်၊ ..........................................

လျှောက်ထားသူအမည် ၊ ......................

ပုံစံ(၇)

**စားပွဲတင်ဆားထုတ်လုပ်ခွင့်လိုင်စင်**

**( နည်းဥပဒေ ၂၅)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ**

**ရန်ကုန်တိုင်းဒေသကြီးဆားလုပ်ငန်းရုံး**

**စားပွဲတင်ဆားထုတ်လုပ်ခွင့်လိုင်စင်**

လိုင်စင်အမှတ်၊ ________________

ရက်စွဲ၊ ______________________

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ၊ ရန်ကုန်တိုင်းဒေသကြီးဆားလုပ်ငန်းရုံး သည် ဆားနှင့်ဆားထွက်ပစ္စည်းဆိုင်ရာနည်းဥပဒေပုဒ်မ ၂၅ အရ အောက်အမည်ပါ လုပ်ငန်းရှင်အား စားပွဲတင်ဆား ထုတ်လုပ်ခွင့် လိုင်စင်ကို ထုတ်ပေးလိုက်သည်-

(က) အမည် ________________________________________________________________

(ခ) အသက် - ________________________________________________________________

(ဂ) အဖအမည် ________________________________________________________________

(ဃ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသားမှတ်ပုံတင်အမှတ် ________________________________

(င) နေရပ်လိပ်စာ ________________________________________________________________

(စ) ထုတ်လုပ်ခွင့်ပြုသည့် ဆားအမျိုးအစား ____________________________________________

(ဆ) ထုတ်လုပ်ခွင့်ပြုသည့် ဒေသ ________________________________________________

(ဇ) ထုတ်လုပ်ခွင့်ပြုသည့် နေရာ________________________________________________________

(၂၀ - ၂၀ )ခုနှစ်အတွက် စားပွဲတင်ဆား (________________တန်)ကို ထုတ်လုပ်ခွင့်ပြုသည်။

တိုင်းဒေသကြီးဦးစီးမှူး

(၂၀  - ၂၀  )ခုနှစ်အတွက် စားပွဲတင်ဆား (__________________တန်)ကို ထုတ်လုပ်ခွင့်ပြုသည်။

တိုင်းဒေသကြီးဦးစီးမှူး

(၂၀  - ၂၀  )ခုနှစ်အတွက် စားပွဲတင်ဆား (__________________တန်)ကို ထုတ်လုပ်ခွင့်ပြုသည်။

တိုင်းဒေသကြီးဦးစီးမှူး

၂။ လိုင်စင်ရရှိသူသည် ဆားနှင့်ဆားထွက်ပစ္စည်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

**စည်းကမ်းချက်များ**

၁။ ဤလိုင်စင်ကို မိမိလုပ်ငန်းတည်ရှိရာနေရာဒေသတွင် အစဉ်အမြဲသိမ်းဆည်းထားရန်ဖြစ်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူပုဂ္ဂိုလ်များ စစ်ဆေးသောအခါ ပြသရမည်။

၂။ တည်ဆဲဥပဒေအရ ဆားလုပ်ငန်းဌာနခွဲက သတ်မှတ်ထားသော အခကြေးငွေများကို လိုင်စင်ထုတ်ပေးသည့် အခါတွင် အကြေအလည် ပေးဆောင်ရမည်။

၃။ ထုတ်လုပ်သော စားပွဲတင်ဆား၊ အသုံးပြုသည့်ဆားကြမ်းများနှင့်စပ်လျဉ်းသည့် ထုတ်လုပ်မှုဆိုင်ရာစာရင်း ဇယားများ ထားရှိပြီး တာဝန်ရှိပုဂ္ဂိုလ်များ စစ်ဆေးသည့်အခါ တင်ပြရမည်။

၄။ အိုင်အိုဒင်းအရည်အသွေးစစ်ဆေးနိုင်မည့် ဓာတ်ခွဲခန်းထားရှိရမည်။

၅။ မိမိလုပ်ငန်းမှ အမှန်တကယ်ထုတ်လုပ်သည့်ဆားထွက်ပမာဏစာရင်းကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး နောက် ရက်သတ္တပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီးဆားလုပ်ငန်းရုံးသို့ တင်ပြရမည်။

၆။ ဆေးဝါးလုပ်ငန်းသုံးအဖြစ် ထုတ်လုပ်မည့် ဆားပမာဏအား လိုင်စင်တင်စဉ် သီးခြားဖော်ပြ၍ ကျန်ထုတ်လုပ်သည့်စားပွဲတင်ဆားများအားအိုင်အိုဒင်းပါဝင်မှုအရည်အသွေးပြည့်မီအောင် ထုတ်လုပ်ရမည်။

၇။ ထုတ်လုပ်သောဆားများ၏အရည်အသွေးကို လိုအပ်၍ ဓာတ်ခွဲစစ်ဆေးပါက ကျသင့်သော ဓာတ်ခွဲခများကို ရန်ကုန်တိုင်းဒေသကြီးဆားလုပ်ငန်းရုံးသို့ ပေးသွင်းရမည်။

၈။ ဤလိုင်စင်ကို မသက်ဆိုင်သူအား လွှဲပြောင်းပေးအပ်ခြင်း မပြုရ။

ပုံစံ(၈)

**အိုင်အိုဒင်းဆားကြိတ်ခွဲထုတ်လုပ်ခွင့်လိုင်စင်**

**( နည်းဥပဒေ ၂၅)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ**

**ရန်ကုန်တိုင်းဒေသကြီးဆားလုပ်ငန်းရုံး**

**အိုင်အိုဒင်းဆားကြိတ်ခွဲထုတ်လုပ်ခွင့်လိုင်စင်**

လိုင်စင်အမှတ်၊ ____________________

ရက်စွဲ၊ __________________________

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ၊ ရန်ကုန်တိုင်းဒေသကြီးဆားလုပ်ငန်းရုံး သည် ဆားနှင့်ဆားထွက်ပစ္စည်းဆိုင်ရာနည်းဥပဒေပုဒ်မ ၂၅ အရ အောက်အမည်ပါ လုပ်ငန်းရှင်အား အိုင်အိုဒင်းဆား ကြိတ်ခွဲထုတ်လုပ်ခွင့်လိုင်စင်ကို ထုတ်ပေးလိုက်သည်-

(က) အမည် ___________________________________________________________

(ခ) အသက် - ___________________________________________________________

(ဂ) အဖအမည် ___________________________________________________________

(ဃ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသားမှတ်ပုံတင်အမှတ် ______________________________________

(င) နေရပ်လိပ်စာ ___________________________________________________________

(စ) ထုတ်လုပ်ခွင့်ပြုသည့် ဆားအမျိုးအစား ________________________________________________

(ဆ) ထုတ်လုပ်ခွင့်ပြုသည့် ဒေသ ____________________________________________

(ဇ) ထုတ်လုပ်ခွင့်ပြုသည့် နေရာ _________________________________________________

(၂၀ - ၂၀ )ခုနှစ်အတွက် အိုင်အိုဒင်းဆား (____________________တန်)ကို ထုတ်လုပ်ခွင့်ပြုသည်။

တိုင်းဒေသကြီးဦးစီးမှူး

(၂၀ - ၂၀ )ခုနှစ်အတွက် အိုင်အိုဒင်းဆား (___________________တန်)ကို ထုတ်လုပ်ခွင့်ပြုသည်။

တိုင်းဒေသကြီးဦးစီးမှူး

(၂၀ - ၂၀ )ခုနှစ်အတွက် အိုင်အိုဒင်းဆား (___________________တန်)ကို ထုတ်လုပ်ခွင့်ပြုသည်။

တိုင်းဒေသကြီးဦးစီးမှူး

၂။ လိုင်စင်ရရှိသူသည် ဆားနှင့်ဆားထွက်ပစ္စည်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

**စည်းကမ်းချက်များ**

၁။ ဤလိုင်စင်ကို မိမိလုပ်ငန်းတည်ရှိရာနေရာဒေသတွင် အစဉ်အမြဲသိမ်းဆည်းထားရန်ဖြစ်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူပုဂ္ဂိုလ်များ စစ်ဆေးသောအခါ ပြသရမည်။

၂။ တည်ဆဲဥပဒေအရ ဆားလုပ်ငန်းဌာနခွဲက သတ်မှတ်ထားသော အခကြေးငွေများကို လိုင်စင် ထုတ်ပေးသည့် အခါတွင် အကြေအလည် ပေးဆောင်ရမည်။

၃။ ထုတ်လုပ်သော အိုင်အိုဒင်းဆား၊ အသုံးပြုသည့်ဆားကြမ်းများနှင့်စပ်လျဉ်းသည့် စာရင်းဇယား များ ထားရှိရမည်။

၄။ အိုင်အိုဒင်းအရည်အသွေးစစ်ဆေးနိုင်မည့် ဓာတ်ခွဲခန်းထားရှိရမည်။

၅။ မိမိလုပ်ငန်းမှ အမှန်တကယ်ထုတ်လုပ်သည့်ဆားထွက်ပမာဏစာရင်းကို ဘဏ္ဍာရေးနှစ်ကုန်ဆုံး ပြီး နောက် ရက်သတ္တပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီးဆားလုပ်ငန်းရုံးသို့ တင်ပြရမည်။

၆။ ထုတ်လုပ်သောဆားများ၏အရည်အသွေးကိုလိုအပ်၍ ဓာတ်ခွဲစစ်ဆေးပါက ကျသင့်သော ဓာတ်ခွဲခများကို ရန်ကုန်တိုင်းဒေသကြီးဆားလုပ်ငန်းသို့ ပေးသွင်းရမည်။

၇။ စက်ရုံမှထုတ်လုပ်သောအိုင်အိုဒင်းဆားများတွင် သတ်မှတ်အရည်အသွေးအိုင်အိုဒင်းပြည့်မီခြင်း မရှိကြောင်း စစ်ဆေးတွေ့ရှိပါက ဥပဒေအတိုင်း ဒဏ်ကြေးပေးဆောင်ရမည့်အပြင် ၎င်းဆားများ အား စံချိန်စံညွှန်းပြည့်မီ သည်အထိ အိုင်အိုဒင်း ပြန်လည် ဖြည့်တင်းရမည်။

၈။ လက်လီလက္ကားဆိုင်များတွင် ရောင်းချသော အိုင်အိုဒင်းစံချိန်စံညွှန်းမပြည့်မီသည့်ဆားများကို တာဝန်ရှိသူမှ ဓာတ်ခွဲစစ်ဆေးတွေ့ရှိပါက ဥပဒေအတိုင်းထုတ်လုပ်သည့်စက်ရုံမှ ဒဏ်ကြေးပေး ဆောင်ရ မည့်အပြင် အရည် အသွေးပြည့်မီအောင် အိုင်အိုဒင်းပြန်လည်ဖြည့်တင်းပေးရမည်။

၉။ အရည်အသွေးပြည့်မီသော အိုင်အိုဒင်းဆားကောင်းဆားသန့်များကိုသာ ထုတ်လုပ်ရမည်။

၁၀။ ဤလိုင်စင်ကို မသက်ဆိုင်သူအား လွှဲပြောင်းပေးအပ်ခြင်း မပြုရ။